
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၂၅ ရက်အထိ)

### သေဆုံးခဲ့သူ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူအရေအတွက်မှာ ၃၂၀ ဦးထက် မနည်း ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က မတ် ၂၅ ရက်အထိ ပြုစုခဲ့သော မှတ်တမ်းများအရ အချက်အလက်ရရှိသူ ၃၀၅ ဦး ရှိပါသည်။ ယခုကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း သေဆုံးခဲ့ရသူ ၂၂၄ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်–၁၀ ကိုရှု)** မှ ယခု ၃၂၀ ကျော် ဖြစ်လာသည့်အတွက် **တပတ်အတွင်း သေဆုံးသူ ၉၆ ဦး တိုးလာ**ခဲ့ခြင်းဖြစ်သည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ


(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၂၅ ရက်အထိ)

### ■ အသက်အငယ်ဆုံး သေဆုံးရသူ



မခင်မျိုးချစ် (အသက် - ၆ နှစ်၊ ၃ လ)
အောင်ပင်လယ်၊ မန္တလေးမြို့

အာဏာသိမ်း စစ်ကောင်စီ၏ အကြမ်းဖက် အင်အားသုံး ပစ်ခတ်မှုများကြောင့် နေ့စဉ်ရက်ဆက် သေဆုံးမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။ ထိုသို့ သေဆုံးရသူများထဲတွင် အသက် ၆ နှစ် သုံးလအရွယ် မခင်မျိုးချစ်လည်း တဦးအပါအဝင် ဖြစ်သည်။ မခင်မျိုးချစ်သည် မတ် ၂၃ ရက်က မန္တလေးမြို့ အောင်ပင်လယ် အကြမ်းဖက်ပစ်ခတ်မှု၌ သေဆုံးခဲ့ရခြင်းဖြစ်ကာ အသက်အငယ်ဆုံး သေဆုံးခဲ့ရသူတဦး ဖြစ်ခဲ့ပါသည်။




ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၂၅ ရက်အထိ)

**သေဆုံးခဲ့ရသော အသက်အုပ်စု**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၃၂၀ ကျော်အနက် အသက် အတိအကျသိရှိရသူ ၂၆၈ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အသက်အုပ်စု အလိုက် သေဆုံးရသူ အရေအတွက် သိသိသာသာ ပိုများလာခဲ့သည်။ ယခင်တပတ်က သေဆုံးခဲ့ရသည့် အရေအတွက်နှင့် နှိုင်းယှဉ်ပါက (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၀ ကိုရှု**)အသက် ၁၈ နှစ်အောက် သေဆုံးရသူအရေအတွက်မှာ ထက်ဝက်ကျော် ပိုများလာပြီး၊ ၁၈ နှစ် - ၃၀ ကြား သေဆုံးရသူ အရေအတွက်မှာလည်း ၅၀ ဦးခန့် ပိုလာသည်။ ထို့အတူ ၆၁ နှစ်အထက် သေဆုံးရသူ အရေအတွက်သည် ယခင်တပတ်က တဦးသာရှိခဲ့ရာမှ ယခု ခုနစ်ဦးအထိ ဖြစ်လာခဲ့သည်။


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၂၅ ရက်အထိ)

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၃၂၀ ကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၅၉ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း သေဆုံးခဲ့ရသူ ၂၂၄ ဦးကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၄၂ ဦးကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၀ ကိုရှု**) ရှိခဲ့ရာမှ ယခု ၅၉ ဦးကျော် ဖြစ်လာခဲ့သည်။ ထို့ကြောင့် သေဆုံးခဲ့ရသူများအနက် ၁၉ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ရသူများ ဖြစ်ခဲ့သည်။


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၂၅ ရက်အထိ)

**သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၃၂၀ ကျော်အနက် (ကျား-မ အတိအကျသိရှိရသော စာရင်းများအရ) ၂၄၄ ဦးသည် အမျိုးသားများဖြစ်ပြီး ၂၁ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၁၅ ဦးမှာ အတိအကျ မသိရှိရသေးပေ။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၃)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၂၅ ရက်အထိ)

**သေဆုံးခဲ့ရသော ဒေသများ**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၂၅ ရက်အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်မှုများနှင့် ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခဲ့ရသော ပြည်သူ ၃၂၀ ကျော်အနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယခုစာရင်းတွင် မပါဝင်ဘဲ ကျန်ရှိမှုများရှိနိုင်ပါသည်။

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။